ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-5-2006) (၄၉၆၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို စစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် **ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထိီးလှိုင်ရှင် အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် **စာမျက်နှာ ၈ ကော်လံ ၆ သို့ ▲**

ကြေးမုံ အင် တာ နက် သ တင်း

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအမီ ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသော ဘူတာရုံသစ်ကြီးကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပတွင် အကြီးဆုံးဘူတာရုံ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအမီ ဖွင့်မည်



ဘာလင် မေ ၂၃

ဥရောပတိုက်တွင် အကြီးဆုံးသော မီးရထားဘူတာရုံကို မေ ၂၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဟပ်ဘန်ဟော့ဖ်အမည်ရှိ မီးရထားဘူတာရုံကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအမီ ဖွင့်လှစ်ခြင်းဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုချောမွေ့လာစေရန် ရည်ရွယ်ကြောင်း မေ ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဥရောပတိုက်တွင် ဆွဲဆောင်မှုအရှိဆုံး ဗိသုကာလက်ရာများ စုဝေးတည်ရှိရာ ဘာလင်မြို့တွင် ဖွင့်လှစ်မည့် မီးရထားဘူတာရုံ တည်ဆောက်ရေး စီမံကိန်းအတွက် ဂျာမန်မတ်ငွေသန်း ၇၀၀ (ပေါင်ငွေသန်း ၄၈၀) ကျခံသုံးစွဲခဲ့ရပြီး ရှစ်နှစ်ကြာ အချိန်ယူ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✱**

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်ရှိ ခေါင်းဆောင်များ၏ အရည်အချင်း ထက်မြက်မြင့်မားမှသာ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို သွက်လက်လျင်မြန် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်သည်။*
  (ခေါင်းကြီး) စာမျက်နှာ-၂

* *ဗဟုသုတရရှိစေရန်နှင့် အားလပ်ချိန်တွင် စာဖတ်ကြရန် လိုအပ်ပါသည်။ ဤသို့ စာဖတ်ရာတွင် တစ်ဦးချင်းအနေဖြင့် ဝယ်ယူဖတ်ရှုလျှင် ငွေကုန်၍ အရာမရောက်ပါ။ ငွေကုန်ကြေးကျ သက်သာစွာဖြင့် စိတ်ကြိုက်ရွေးချယ်ဖတ်ရှုရာတွင် စာကြည့်တိုက်က အလွန်အရေးပါသည်။*
  မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ **“စာကြည့်တိုက်နိုင်ငံ”** (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံး ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အဆိုပါ အမျိုးသားရေးတာဝန်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေး အင်အားစုကြီးဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် အမျိုးသားရေး စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်နေသည်။ အထူးသဖြင့် နိုင်ငံတော်၏ အဓိကလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို ဖန်တီးနိုင်ရေးနှင့် နိုင်ငံအေးချမ်းတည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်လာသည့် အဖျက်အမှောင့်အန္တရာယ်များအား တားဆီးနိုင်ရေးတို့အတွက် အစဉ်သတိပြုလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။

ယင်းသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အတွေးအခေါ် အယူအဆကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။ အရည်အချင်း၊ အရည်အသွေးတိုးတက်မြင့်မားရေး၊ ယုံကြည်ချက်၊ ခံယူချက် ထက်မြက် ပြည့်စုံလာရေးတို့အတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချ၍ လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်း ပြည့်ဝရေး၊ ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်မှုကို ခံယူရေး၊ စီမံခန့်ခွဲရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍအသီးသီးတို့ကို သင်ကြားပို့ချပေးနေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်ရှိ ခေါင်းဆောင်များ၏ အရည်အချင်း ထက်မြက်မြင့်မားမှုသာ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို သွက်လက်လျင်မြန်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ကြမည်ဖြစ်သည်။

အသင်းအဆင့်ဆင့်နှင့် အသင်းဝင်များအနေဖြင့်လည်း မှန်ကန်သည့် ဦးဆောင်မှုအဆင့်ဆင့်ကို ခံယူကြရမည်ဖြစ်သည်။ သို့မှသာ အသင်းဝင်များအတွင်း အတွေးအခေါ်ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာ ညီညွတ်မှု၊ အလုပ်ညီညွတ်မှုများရရှိပြီး မိမိတို့၏ ရည်မှန်းချက်များကို ဟန်ချက်ညီညီ လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူဟူသည့် အားသုံးအားဖြင့် ပေါင်းစည်းဖော်ဆောင်နေသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအပါအဝင် ပြည်သူများ၏အားသည် အဓိကအင်အားတစ်ခုဖြစ်သည်။ ဤသို့ဖြင့် အသင်းအဆင့်ဆင့်နှင့် အသင်းဝင်များအားလုံးက မှန်ကန်သည့် ဦးဆောင်မှုကို ခံယူကျင့်သုံးပြီး အသင်း၏ရည်မှန်းချက်၊ နိုင်ငံနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်၍ သွက်လက်ထက်မြက်စွာ ကြိုးပမ်းနိုင်ကြမည် ဖြစ်ပါသည်။ ။

(၇)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးများ၏ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အစည်းအဝေးကျင်းပ

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း (၇)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးများ၏ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးများ၏ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အစည်းအဝေး (7 Th Meeting of ASEAN Customs Directors of ICT) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုချောမွေ့လျင်မြန်စေရေးနှင့် အကောက်ခွန် ကြီးကြပ်မှုလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ (ICT)သည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် အာဆီယံ အကောက်ခွန် ကိုယ်စားလှယ်များက ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် လက်တွေ့အကောင်အထည် ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသွားသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဖိလစ်ပိုင် အကောက်ခွန် ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Alexander Musnic Arevalo က အစည်းအဝေး ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါအစည်းအဝေးကို ယနေ့မှ မေ ၂၅ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် (၁၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ မောင်းမကန်ကမ်းသာလမ်း ဝဲ/ယာတစ်လျှောက်တွင် မေ ၂၂ ရက် နံနက်က ခြံစည်းရိုးကြက်ဆူပင် ၇၀၀ကို လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

သဲဖြူတောရ ကလေးတရားစခန်း

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာ၌ အသက်(၇)နှစ်မှ(၁၅)နှစ်အထိ ကလေးတရားစခန်းပွဲကို မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ မေ ၂၈ ရက် နံနက် ၇ နာရီအရောက်လာကြရန်နှင့် ညနေ ၅ နာရီတွင် ယင်းစုရပ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး ဖုန်း- ၆၆၇၇၁၆၊ ၆၆၂၈၃၆ နှင့် ၆၆၆၁၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

ဆေးဝါးရောင်းချမှုလိုက်နာရန် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ဆောင်ရွက်သည့် ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စများနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၇)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၄၉)လမ်း အမှတ်(၉၁/၉၃)၌ကျင်းပရာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်နှင့် သင်တန်းမှူး ဒေါက်တာမိမိကိုတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းသား ၅၀ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၂၂ရက်က ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာရိပ်မွန်စာကြည့်တိုက်ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

လျှော်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ကြီးမှူး၍ မလေးရှားနိုင်ငံမှ Dr. Ch'ng Guon Bee ၏ The Frequency of Earthquake and Relevent Statistics Which are Essential for Developing Action Plan to Mitigate Damages and Loss of Human Lives စာတမ်းနှင့် Dr. Kamarudin-Ab-Malek ၏ The Design of Buildings and Engineering Structures for Earthquake Mitigation စာတမ်းများဖတ်ကြားပွဲကို လှိုင်မြို့နယ် တက္ကသိုလ်များလှိုင်နယ်မြေ၊ Myanmar Info-Tech ရှိ Conference Hall တွင် မေ ၂၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၆)

World No-Tobacco Day
(31-5-2006)

"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား။ အသက်အန္တရာယ်သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား"

Tobacco;deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန

စာကြည့်တိုက်နိုင်ငံ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

“အလှဖွေရှာ၊ မြန်မာစာသည်
သာယာဖြောင့်ဖြူး၊ ရာစုဦးဖွင့်
ခွင့်ထူးကြုံကြိုက်၊ စာကြည့်တိုက်မိုး
ပြည့်၌သွန်းဖြိုး၊ ဝေဆာတိုးကာ
မင်းစိုးနော်ထာ၊ စာပေရှာတွင်
မြန်မာအမွေ၊ စခဲ့လေမှ
မသွေသားချင်း၊ ညီကိုရင်းဟန်
အားပြင်းမာန်ဖြင့်၊ အောင်လံလွှင့်လျက်
မိုးမြင့်ထက်တွင်၊ စာပေထင်ဟပ်
ရင်သပ်ဖွင့်လှစ်၊ ထောင်စုနှစ်ဆန်း
မိုးသစ်ဖျန်းချိန်၊ တိုးတက်ရှိန်မြင့်
မြန်ဂုဏ်ဝင့်ချီ၊ သမိုင်းသစ်တည်”။ ။

ခေတ်ကာလများ ပြောင်းလဲလာသည့်အလျောက် လူသားတို့အတွက် သုတပညာနှင့် ဗဟုသုတအတတ်ပညာများ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လာခဲ့ပါသည်။ လူသားများအကျိုးကို ဖော်ဆောင်နိုင်စေရန် စာကြည့်တိုက်ပညာနှင့် သုတပညာကို တွဲဖက်ပေးရန် လိုအပ်လာပါသည်။ ဤသို့ တွဲဖက်ရန် သုတပညာသည် အဓိကအခန်းက အရေးပါလာခဲ့ပါသည်။

Information Studiesဟူသော သုတပညာသည် ၂၁ရာစုနှစ်တွင် အထူးအရေးပါလာခဲ့ပါသည်။ အထူးလေ့လာလိုက်စားရန် အဓိကလိုအပ်နေပြီ ဖြစ်ပါသည်။ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောက်တည်ရာတွင် တစ်ဖက်မှ အင်တာနက်ကဲ့သို့ ကွန်ချာစနစ်ကို စာကြည့်တိုက်များတွင် စနစ်တကျအသုံးပြုနေသကဲ့သို့ တစ်ဖက်မှလည်း တိုင်းပြည်၏ စာပေအမွေအနှစ်များ မပျောက်ပျက်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါသည်။

စာကြည့်တိုက်ဆိုသည်မှာ စာအုပ်နှင့် အခြားစာပေပစ္စည်းများကို ဖတ်ရှုအသုံးပြုနိုင်ရန်အတွက် စုဆောင်းထားရှိထားသော နေရာသာမဟုတ်ဘဲ အသိပညာဗဟုသုတများကို ဖြန့်ဖြူးပေးသောနေရာ၊ တစ်နည်းအားဖြင့် ပညာလိုလားသူတို့ မိမိဘာသာလွတ်လပ်စွာ ပညာရှာနိုင်သော လူထုတက္ကသိုလ် တစ်မျိုးဖြစ်ပါသည်။ ကျောင်းသားလူငယ်များ ဉာဏ်ပညာဖွံ့ဖြိုးရေး၊ စာရိတ္တဖွံ့ဖြိုးရေး၊ ပြည်သူများ ခေတ်မီပညာဗဟုသုတ တိုးပွားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များက အထောက်အကူပြုပါသည်။ ဤကဲ့သို့ ပညာပြန့်ပွားအောင် ပြုလုပ်ရာ၌ စာကြည့်တိုက်များ စနစ်တကျတည်ရှိမှုသည် အကျိုးသက်ရောက်မှု အပြည့်အဝ ရရှိစေပါသည်။ ယနေ့ ပညာရေးစနစ်၏ လိုလားချက်အရ ပညာရှင်သည် နှုတ်တက်ရွရွ အာဂုံရွတ်ဆိုနိုင်ရုံဖြင့် မရနိုင်ပါ။ ခေတ်သစ်ဗဟုသုတ ဟင်းလေးအိုး၊ သို့မဟုတ် အချက်အလက်ဘဏ် (Data Bank) ဖြစ်ရန်လိုအပ်လာပါသည်။ သမိုင်းခေတ်အဆက်ဆက်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ပေပုရပိုက်၊ ကျောက်စာ၊ မင်စာများ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ရသလို စာပေသင်ကြားလေ့လာမှုနှင့် စာကြည့်တိုက်ပညာကို ပူးပေါင်း၍ နိုင်ငံတော်တိုးတက်မှုကို မြှင့်တင်ရန် လိုအပ်ပါသည်။

စာကြည့်တိုက် အကျိုးသက်ရောက်မှုအတွက် အဓိကလိုအပ်ချက်မှာ (၁) စာအုပ် (Book)၊ (၂)အသိဉာဏ် (Brain)၊ (၃) အဆောက်အအုံ (Building)ဟူ၍ ဖြစ်သည်။

မြန်မာစာပေနှင့် မြန်မာစာကြည့်တိုက်များ အရည်အချင်းရော၊ အရည်အသွေးအတွက်ပါ တိုးတက်မြင့်မားလာစေရန် မြန်မာစာပေနှင့် မြန်မာစာကြည့်တိုက်သမိုင်းကို ပြန်လည်လေ့လာဆန်းသစ် သုတေသနပြုရမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် စာအုပ်စာစောင်များကို သိုမှီးသိမ်းဆည်းရာနေရာဖြစ်ပါသည်။ စုဆောင်းထားရှိသော စာအုပ်စာစောင်များကို ပြည်သူတို့ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျ စီစဉ်ထားရှိသော နေရာလည်းဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်သည် ပညာလိုလားသူတို့ လွတ်လပ်စွာ ပညာရှာဖွေနိုင်သော နေရာ ဖြစ်ပါသည်။ ရှေးအခါက “ပိဋကတ်တိုက်”ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ပိဋကတ်တော်များကို သထုံပြည်မှ ပင့်ဆောင်လာပြီးနောက် ပုဂံမြို့တွင် အုတ်တိုက်ဆောက်လုပ်၍ ထားရှိခဲ့ပါသည်။ ထိုတိုက်ကို ပိဋကတ်တော်များထားရှိရာဌာနဖြစ်သောကြောင့် ပိဋကတ်တိုက်ဟု ခေါ်ပါသည်။ ထိုအခါမှစ၍ ပိဋကတ်တိုက်များ မြန်မာနိုင်ငံတွင် ထွန်းကားခဲ့ပါသည်။ အနော်ရထာ ပိဋကတ်တိုက်၊ ဘိုးတော်ဘုရား ပိဋကတ်တိုက်၊ မင်းတုန်းမင်း ပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသား ပိဋကတ်တိုက်၊ ပုဂံဝန်ထောက် ဦးတင်၏ ပိဋကတ်တိုက်၊ ဦးဘိုးသီး၏ ပိဋကတ်တိုက်၊ မင်းကွန်း ဦးပုကြီး၏ ပိဋကတ်တိုက် စသည်ဖြင့်ရှိခဲ့ကြပါသည်။ ဘုရင့်စာကြည့်တိုက်များမှတစ်ဆင့် ပွားများလာခဲ့သော ဘုန်းတော်ကြီးကျောင်း စာကြည့်ပိဋကတ်တိုက်များ မြောက်မြားစွာ ပေါ်ထွန်းလာခဲ့ပါသည်။ တောင်ခွင်သာသနာပိုင် ဆရာတော် ပိဋကတ်တိုက်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၏ ပိဋကတ်တိုက် စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၁၈၈၅ခုနှစ်မှစ၍ ဘုရင့်စာကြည့် ပိဋကတ်တိုက်များကို နယ်ချဲ့တို့သိမ်းယူလိုက်ကြသဖြင့် ပေပုရပိုက်၊ မှတ်တမ်းများစွာ ပျက်စီးဆုံးရှုံးသွားခဲ့ပါသည်။ ဘုန်းတော်ကြီး ပိဋကတ်တိုက်များသည် သာသနာရောင်လွှမ်း၍ နယ်ချဲ့တို့ ဖျက်ဆီးမှုမပြုလုပ်ဝံ့ကြသဖြင့် ဘုန်းတော်ကြီးကျောင်းရှိ စာကြည့်တိုက်အများအပြား ရှင်သန်မှုနှင့်အတူ မြန်မာစာပေသည်လည်း ထွန်းကားခရီးရောက်ခဲ့ပါသည်။ ၁၉၂၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို စတင်တည်ထောင်ခဲ့ပါသည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော စာကြည့်တိုက်လုပ်ငန်းများကိုလည်း ထူထောင်ရန်ကြိုးစားခဲ့ကြသဖြင့် စာကြည့်တိုက်အများအပြားသည် ပုံစံအမျိုးမျိုးဖြင့် မြို့ကြီးများတွင် ပေါ်ထွက်လာခဲ့ကြပါသည်။

ဗဟုသုတရရှိစေရန်နှင့် အားလပ်ချိန်တွင် စာဖတ်ကြရန် လိုအပ်ပါသည်။ ဤသို့စာဖတ်ရာတွင် တစ်ဦးချင်းအနေဖြင့် ဝယ်ယူ ဖတ်ရှုလျှင် ငွေကုန်၍ အရာမရောက်ပါ။ ငွေကုန်ကြေးကျသက်သာစွာဖြင့် စိတ်ကြိုက်ရွေးချယ်ဖတ်ရှုရာတွင် စာကြည့်တိုက်က အလွန်အရေးပါသည်။ ပညာရေးအပေါ်သိက်ဖြစ်မှုကို တားဆီးရန်အတွက်လည်း စာကြည့်တိုက်များ အထူးလိုအပ်ပေသည်။ ပြည်သူအများဖတ်ရန် စာအုပ်စာစောင်များ ဖြန့်ဖြူးပေးရာ၌ ငွေကုန်အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းမှာ စာကြည့်တိုက်များမှ တစ်ဆင့် ဖြန့်ဖြူးခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ မျက်မှောက်ခေတ် မြန်မာစာကြည့်တိုက်များကို အမျိုးအစားအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပေသည်-

(၁) အမျိုးသားစာကြည့်တိုက်
(၂) တက္ကသိုလ်နှင့်ကောလိပ် စာကြည့်တိုက်များ
(၃) ပြည်သူ့စာကြည့်တိုက်များ
(၄) အထူးစာကြည့်တိုက်များ
(၅) ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ဖြစ်ပါသည်။

ဤကဲ့သို့ စာကြည့်တိုက် သမိုင်းရှိခဲ့သော်လည်း လူဦးရေ ၇၀ရာခိုင်နှုန်းခန့်နေထိုင်သော ကျေးလက်ဒေသများတွင် စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်စေရန် အထူး လိုအပ်လာပါသည်။ ယနေ့ ပညာခေတ်ကြီးတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မြန်မာနိုင်ငံ တစ်နံတစ်လျား အားကြိုးမာန်တက် ဖွင့်လှစ်ပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာပေဒါန အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၆ ခုနှစ် မေလ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့ တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး စာအုပ်စာပေ၊ စာပေဒါန အလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထိုအခမ်းအနားတွင် အောက်ပါအတိုင်းအမှာစကား ပြောကြားခဲ့ပါသည် -

“ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက် လည်းကောင်း၊ ပဲခူးတိုင်းအတွက်လည်းကောင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက်လည်းကောင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ် စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပဲခူးတိုင်းမှ စေတနာရှင်၊ အလှူရှင်များကိုလည်း ကျေးလက်ပြည်သူများကိုယ်စား၊ မိမိတို့ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့ လူ့ဘောင်ကို အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယနေ့ လူငယ်၊ လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် အဆင့်မီ ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်း ရရှိနေကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တစ်ဖက်ကလည်း အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း အခြားတစ်ဖက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများမှာ အသိပညာမြင့်မားရန်၊ ဗဟုသုတ တိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်ချမှတ် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ခုနှစ် ဧပြီလ ၁၈ ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၃၅၅၄ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင် နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် ကျေးရွာပေါင်း ၆၆၀၂ ရွာရှိသည့်အနက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မိမိတို့ နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မှာဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။”

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးက အလေးထားပြောကြားသွားပါသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စများဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်နေကြပါသည်။ နောင်အနာဂတ်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရပါမည်။ ပညာဖြင့် အရာရာကို စေစားစေနိုင်သည့်အခါသမယတွင် နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းမလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်သည်။ နိုင်ငံ၏ အမျိုးသားပညာရည် မြင့်မားရေးအတွက် အနှစ်(၃၀)နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်တို့၏အားဟူသည့် အားသုံးအား ပေါင်းစည်းမှုတွင် စေတနာရှင် အလှူရှင်တို့၏အားမှာလည်း အရေးပါလှသည်။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၃)ကြိမ် ကျင်းပခဲ့ရာ အလှူရှင်များက စာအုပ်စာစောင်ပေါင်း သိန်း၂၀ကျော်၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ၁၂၂၀၊ ငွေသားကျပ် ၇၁၃သိန်းကျော်အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၅၃သိန်းကျော် လှူဒါန်းခဲ့ကြပြီးဖြစ်သည်။

ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးသည့် အထိမ်းအမှတ်အခမ်းအနားတွင် ပဲခူးတိုင်းအတွင်းမှ အလှူရှင်ပြည်သူများက ငွေပဒေသာပင်ကျပ် ၁၂၄သိန်းခွဲအပါအဝင် စာအုပ်စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်နှင့် ပရိဘောဂများ တန်ဖိုး စုစုပေါင်းငွေကျပ်၅၇၈၉၉၀၀၀ကို လှူဒါန်းခဲ့ကြသည်။ အဆိုပါ အလှူငွေ၊ စာအုပ်စာစောင်များနှင့် ပစ္စည်းများကို ပဲခူးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

ထူထောင်ပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက် ရေရှည်လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များမှာ ကျေးလက်နေ ပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ ရရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးသွားကြရေးတို့ပင် ဖြစ်ပါသည်။

၁၇-၅-၂၀၀၆ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၄၁၇၇တိုက် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အစဉ်သင်ယူလေ့လာနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ထူထောင်နေရာတွင် တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ထွန်းမှုသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံသည် စာကြည့်တိုက်နိုင်ငံအဖြစ် ထွန်းသစ်လာခဲ့ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု
ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

တရုတ်နိုင်ငံ ပေကျင်းလေဆိပ်ရှိ အဆောက်အအုံအချို့ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်း ယန်စီမြစ်ရေလွှမ်းမိုးမှုကို ထိန်းချုပ်နိုင်မည်

ရေကာတာစီမံကိန်းနေရာ (ဟူဘေး) မေ ၂၂

တရုတ်နိုင်ငံတွင် စနေနေ့က ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည့် မြစ်ကျဉ်းသုံးသွယ်ရေကာတာစီမံကိန်းသည် တရုတ်နိုင်ငံ၏ ယန်စီမြစ် ရေလျှံမှုထိန်းချုပ်ရေးစနစ်တွင် အရေးပါသည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အဆိုပါရေကာတာ၏ တည်နေရာ၊ အရွယ်အစားနှင့် မြေမျက်နှာသွင်ပြင်ဖွဲ့စည်းပုံတို့အရ တရုတ်နိုင်ငံတွင် အရှည်ဆုံးမြစ်ဖြစ်သည့် ယန်စီမြစ် ရေလျှံမှုမဖြစ်ပွားစေရန် ထိန်းချုပ်ပေးနိုင်စွမ်းရှိသည့် စီမံကိန်းဖြစ်သည်။

ယန်စီမြစ်၏မြစ်ညာပိုင်းနှင့် မြစ်အလယ်ပိုင်း ဆုံစည်းရာနေရာတွင် ယင်းရေကာတာကို ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရေလွှမ်းမိုးမှု ထိန်းချုပ်နိုင်သည့် အထင်ကရရေကာတာတစ်ခုဖြစ်သည့်အားလျော်စွာ မြစ်ကျဉ်းသုံးသွယ်ရေလှောင်တမံတွင် ရေကုဗမီတာ ၂၂ဒသမ၁၅ ဘီလီယံအထိ လှောင်ထားနိုင်စွမ်းရှိသည်။

ဘီလပ်မြေကုဗမီတာ ၁၆ဒသမ၁ သန်းအသုံးပြု၍ တည်ဆောက်ထားသည့် အဆိုပါစီမံကိန်းသည် ကမ္ဘာတစ်ဝန်းရှိ အားဖြည့် ကွန်ကရစ်အသုံးပြုသည့် ရေကာတာများအနက် အကြီးဆုံးဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နီပေါတွင် ကလေးဦးရေ သုံးပုံတစ်ပုံ ပညာသင်ယူနိုင်ခွင့်ဆုံးရှုံးနေ

ခတ္တမန္ဒူ မေ ၂၂

နီပေါနိုင်ငံတွင် ပညာသင်ယူရန် အခွင့်အရေးဆုံးရှုံးနေသည့် ကလေးဦးရေမှာ ကျောင်းနေအရွယ် ကလေးဦးရေ၏ သုံးပုံတစ်ပုံရှိကြောင်း နီပေါနိုင်ငံကလေးအလုပ်သမားရေးရာဌာန (စီအိုင်ဒဗလျူအိုင်အင်)က မေ ၂၁ ရက်တွင် ပြောကြားသည်။ နီပေါနိုင်ငံ၌ ကလေးအယောက် ၁၀၀လျှင် ၈၆ယောက်သာကျောင်းတက်ရောက်ခွင့်ရရှိပြီး၊ ၅၄ယောက်သာလျှင် မူလတန်းပညာ ပြီးမြောက်အောင်မြင်ကြောင်း အစိုးရအဖွဲ့အစည်းမဟုတ်သော စီအိုင်ဒဗလျူအိုင်အင်အဖွဲ့၏ ညွှန်ကြားရေးမှူး ကူမာဘတ်တာရာက သတင်းထောက်များကို ပြောကြားသည်။

ကျောင်းနေအရွယ် ကလေးများတွင် မိန်းကလေးဦးရေထက် ယောကျာ်းလေးဦးရေ ပိုမိုများပြားကြောင်း ဘတ်တာရာက ဆိုသည်။ ကလေးများအတွက် ကျောင်းပညာရေးနှင့် အလုမ်းဝေးကွာရခြင်း၏ အကြောင်းတရားများမှာ ဆင်းရဲခြင်း၊ ရှေးရိုးအယူအဆ ပျံ့နှံ့ခြင်း၊ ကျား၊ မ ခွဲခြားဆက်ဆံခြင်း၊ နိုင်ငံ၏ ပထဝီဝင် အနေအထားအရ သွားလာမှုခက်ခဲခြင်းနှင့် ခေတ်နောက်ကျခြင်းတို့ကြောင့်ဖြစ်သည်ဟု ဘတ်တာရာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမိုးပြိုကျ ခြောက်ဦးသေဆုံး

တာ့လျံ မေ ၂၂

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဆိပ်ကမ်းမြို့ဖြစ်သော တာ့လျံမြို့၌ ဆောက်လုပ်ရေးလုပ်ငန်းခွင် အမိုးပြိုကျမှုကြောင့် လူခြောက်ဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

တာ့လျံကျောင်းဝင်းရှိ ရှန်ယန်ဂီတဆောင်၏ ဆောက်လုပ်ရေးနေရာတွင် မတ် ၁၉ ရက် ည ၉နာရီ ၄၀ မိနစ်ခန့်တွင် အမိုးပြိုကျမှုဖြစ်ခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသည် တာ့လျံမြို့ ဂျင်ရှီတန်ဒေသမှာ ဖြစ်သည်။ ငါးထပ်အဆောက်အအုံ၏ ခေါင်မိုးပေါ်တွင် အလုပ်သမားအချို့ ကွန်ကရစ်များလောင်းချနေစဉ် အမိုးပြိုကျခြင်း ဖြစ်သည်ဟု ဆောက်လုပ်မှုကြီးကြပ်ရေးအဖွဲ့မှ ဒေသဆိုင်ရာ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

သေဆုံးသွားသော အလုပ်သမားသုံးဦးသည် ဒေသဆိုင်ရာအလုပ်သမားဈေးကွက်မှ တစ်နေ့တာ ငှားရမ်းခဲ့သော ယာယီအလုပ်သမားများ ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျော်ဂျီယာ၌ သံချပ်ကာယာဉ်တစ်စီး တိမ်းမှောက် ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

မော်စကို မေ ၂၂

ဂျော်ဂျီယာ အက်ဘ်ခါဇီယာဒေသတွင် လမ်းမတော်တဆမှုဖြစ်ပွားရာ ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးကြောင်း ရုရှားမြေပြင်တပ်ဖွဲ့များဆိုင်ရာတပ်မှူး၏လက်ထောက်တစ်ဦးက စနေနေ့တွင်ပြောကြားလိုက်သည်။

စစ်သည်တင်သံချပ်ကာယာဉ်တစ်စီးသည် စစ်ရေးပဋိပက္ခ ဖြစ်ပွားနေသည့် ဂျော်ဂျီယာအက်ဘ်ခါဇီယာ ဒေသရှိ ကိုဒိုရီဂျော့မြို့သို့ စနေနေ့က ဦးတည်မောင်းနှင်နေစဉ် ဂါလီဒေသအနီးတွင် တိမ်းမှောက်ခဲ့သဖြင့် ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့သည်ဟု ဗိုလ်မှူးကြီးဘိုင်ဂေါ်ကိုနာ ရှင်ကော့ဗ်ကိုကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မော်တော်ယာဉ်တွင် လိုက်ပါလာသူအများစုမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော်လည်း အသက်အန္တရာယ်မရှိဟု ၎င်းကပြောကြားသည်။

သေဆုံးသူများတွင် အရာရှိအဆင့် တပ်ဖွဲ့ဝင်လေးဦး၊အရာခံဗိုလ်တစ်ဦးနှင့် ရိုးရိုးတပ်ဖွဲ့ဝင်တစ်ဦးတို့ ပါဝင်ကြသည်။

ယင်းဖြစ်ရပ်၏ နောက်ကွယ်မှ အကြောင်းတရားများအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ မော်တော်ယာဉ် စက်ချွတ်ယွင်းခြင်း၊ လမ်းပေါ်တွင် မျှော်လင့်မထားသည့် ခလုတ်တံသင်းနှင့် ကြုံတွေ့ခြင်း ရှိ၊မရှိ စုံစမ်းစစ်ဆေးနေသည်ဟု ကိုနာရှင်ကော့ဗ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိခေတ်မီဆေးရုံတစ်ရုံ၌လူနာတစ်ဦးအား ခွဲစိတ်ကုသပေးနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့်ပိုလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

ဝါဆော မေ ၂၂

အိန္ဒိယနှင့် ပိုလန်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြကြောင်း ပီအေပီသတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနှင့် စာချုပ်ချုပ်ဆိုခြင်းသည် ကမ္ဘာတစ်ဝန်း၌ ပိုလန်နိုင်ငံ၏ အရေးပါမှု ကျယ်ပြောလာခြင်းကို သက်သေပြသလိုက်ခြင်းဖြစ်ကြောင်း ပိုလန်စီးပွားရေးရာဝန်ကြီး ပီအော့ဝိုဇနီအက်ဇ် ပြောကြားချက်ကို ကိုးကားလျက် ပီအေပီက ဖော်ပြသည်။

အိန္ဒိယနှင့် ပိုလန်နိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၆၀၀ မျှသာ ရှိရာမှ ဘီလီယံနှင့်ချီပြီး မြင့်တက်လာဖွယ်ရှိကြောင်း ပိုလန်နိုင်ငံသို့ရောက်ရှိနေသည့် အိန္ဒိယစက်မှုဝန်ကြီး ကမားလ်နတ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် သတင်းနည်းပညာ (အိုင်တီ)၊ မီးသင်းကျောက်မီးသွေးနှင့် အီလက်ထရွန်းနစ်လုပ်ငန်းတို့ကဲ့သို့သော ပိုလန်နိုင်ငံ၏ စက်မှုလုပ်ငန်းများတွင် အဓိကအားဖြင့် စိတ်ဝင်စားလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံ စီမံချက်လုပ်ငန်းများ ဆောက်လုပ်ရေးအတွက် ပိုလန်နိုင်ငံမှ ကုမ္ပဏီများကို ခေါ်ယူရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိန္ဒိယ၌ ကားတစ်စီး လျှိုထဲသို့ထိုးကျ

မွမ်ဘိုင်း မေ ၂၂

အိန္ဒိယနိုင်ငံအနောက်ပိုင်းမဟာရာ့ရှ်တရာပြည်နယ်အစွန်အဖျားဒေသတစ်နေရာ၌ မင်္ဂလာဆောင်အခမ်းအနားသွားမည့်သူများကို တင်ဆောင်လာသည့်ထရပ်ကားတစ်စီး စနေနေ့တွင် လျှိုထဲသို့ ထိုးကျသွားရာ လူ ၃၀ ထက်မနည်း သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါယာဉ် မတော်တဆမှုဖြစ်ပွားသည့်နေရာမှာ မွမ်ဘိုင်းမြို့၏တောင်ဘက် မိုင် ၁၆၀ အကွာရှိ ရာဂျာပူရ်ကျေးရွာအနီးတွင် ဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘာဆာရာမြို့တွင် ဗုံးဖောက်ခွဲ ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရ

လန်ဒန် မေ ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ထရပ်ကားတစ်စီးသည် ဘာဆာရာမြို့ မြောက်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာအနည်းငယ် ရရှိသွားကြောင်း ဖော်ပြပါဌာနမှ ပြောရေးဆိုခွင့် ရှိသူက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

ဒဏ်ရာရရှိသူ ဖော်ပြပါတပ်ဖွဲ့ဝင်နှစ်ဦးကို ဘာဆာရာမြို့ရှိ ၎င်းတို့၏ အခြေစိုက်စခန်းသို့ပြန်ခေါ်သွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စကိုင်း ရုပ်မြင်သံကြားဌာန သတင်းအရမူ အခင်းဖြစ်ပွားရာ နေရာတွင် လမ်းဘေးမှ ရပ်ကြည့်နေသူများက ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ထရပ်မော်တော်ယာဉ်ကို မီးတင်မရှို့မီ ၎င်းတို့နှစ်ဦး ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်ဟု ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့အမြင့်ဆုံး တောင်ထွတ် ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့ပြီးနောက် နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူသို့ ပြန်လည်ရောက်ရှိလာသော ခြေတုနှစ်ဖက်တပ်ဆင်ထားသူနယူးဇီလန်တောင်တက်သမား အင်္ဂလိစ်အား မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းသူများကို အမေရိကန် နယ်ခြားစောင့်တပ်ဖွဲ့ ဖမ်းဆီး

ဝါရှင်တန် မေ ၂၂

အမေရိကန် နယ်ခြားစောင့်တပ်ဖွဲ့သည် နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နိုင်ရန် ကြိုးပမ်းသူ လူပေါင်း ၁ ဒသမ ၂သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း၊ သို့ရာတွင် ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံထားရသူများ အပြည့်အသိပ်ရှိနေသဖြင့် နယ်စပ်တွင် ဖမ်းဆီးရမိသူများကို လွှတ်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

နယ်စပ်ဒေသတွင် အဖမ်းခံရသော တရားမဝင် ရွှေ့ပြောင်းအခြေစိုက် နေထိုင်လိုသူ အများစုမှာ မက္ကဆီကိုနိုင်ငံသားများ ဖြစ်ကြပြီး ၎င်းတို့ကို နိုင်ငံအတွင်းသို့ အဝင်မခံဘဲ ၎င်းတို့၏ နေရင်းနိုင်ငံသို့ ပြန်စေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သို့ရာတွင် ဝါရှင်တန်ပို့စ်သတင်းစာ၏ ရေးသားဖော်ပြချက်တွင်မူ ပြန်လည်မောင်းထုတ်ခံရသူများအနက် မက္ကဆီကို နိုင်ငံသားများမဟုတ်သူများကို ယင်းနိုင်ငံက ဒုက္ခသည်များအဖြစ် ပြန်လည်လက်ခံခြင်းမရှိကြောင်း၊ အမေရိကန် လူဝင်မှုကြီးကြပ်ရေး အရာရှိများက ဖမ်းဆီးခြင်းမပြုဘဲ ပြန်လွှတ်သူများမှာ အများစုအားဖြင့် မက္ကဆီကို လူမျိုးမဟုတ်သူများဖြစ်ကြောင်း၊ မက္ကဆီကို လူမျိုးမဟုတ်သူများကို အမေရိကန်အစိုးရက ဒုက္ခသည်များအဖြစ် သတ်မှတ်ပေးရန် သင့်၊ မသင့် ကြားနာစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အမေရိကန်ဗဟိုအစိုးရက ထုတ်ပြန်သောအစီရင်ခံစာများအရ တရားမဝင် ရွှေ့ပြောင်းနေထိုင်လိုသူများအနက် ၁၈ရာခိုင်နှုန်းခန့်သာလျှင် နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မရကြောင်း၊ လူအများစုမှာ အမေရိကန်နိုင်ငံအတွင်းသို့ ခိုးဝင်နိုင်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။ ဂွာတီမာလာ သို့မဟုတ် အယ်လ်ဆာဗေဒိုကဲ့သို့သော အမေရိကတိုက် အလယ်ပိုင်းနိုင်ငံများမှ တရားမဝင် ခိုးဝင်လိုသူများသည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ခိုးဝင်လေ့ရှိသည်။ ***အင်တာနက်။***

မြောက်ပစိဖိတ်သမုဒ္ဒရာတွင် ပင်လယ်ရေအောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံတကာသုတေသီများအား မေ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်အနောက်ပိုင်း ပါလာဝန်ကျွန်းတွင် ရေဒီယို သတင်းဝေဖန်သူတစ်ဦး လုပ်ကြံခံရ

မနီလာ မေ ၂၂

မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားများက ရေဒီယိုသတင်းဝေဖန်သူတစ်ဦးကို ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း ပါလာဝန်ကျွန်းရှိ ပြူအာတိုပရင်စီဆာမြို့တွင် တနင်္လာနေ့ နံနက်ပိုင်းက ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာရေဒီယိုကထုတ်လွှင့်ပြောကြားသည်။

သေနတ်ဖြင့်ပစ်သတ်ခံရသူသည် ဖာနန်ဒိုဘီတူဖြစ်ပြီး ပါလာဝန်ကျွန်း ဒီဝိုင်ပီအာရေဒီယို အသံလွှင့်ဌာနမှ သတင်းဝေဖန်သူဖြစ်သည်။ ဘီတူသည်ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်အတွင်း အသတ်ခံရသည့် ပဉ္စမမြောက် သတင်းစာဆရာတစ်ဦးဖြစ်သည်ဟု ဒီဇက်အမ်အမ်ရေဒီယိုသတင်းအရ သိရှိရသည်။

ဒီဝိုင်ပီအာရေဒီယိုအသံလွှင့်ဌာနသို့ သွားနေသည့် ဘီတူကိုပစ်သတ်ရန်အတွက် လူနှစ်ဦးသည် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လာရောက်ကြသည်ဟု စောစောပိုင်းသတင်းများအရ သိရှိရသည်။

ပြူအာတိုပရင်စီဆားမြို့တော်ဝန်ဘက်ဝပ်ဟေဂျ်ဒွန်က ယင်းသတ်ဖြတ်မှုသတင်းမှန်ကန်သည်ဟု အတည်ပြုပြောကြားကြောင်း သတင်းအရသိရှိရသည်။

ဘီတူသည်သတင်း ဝေဖန်သူတစ်ဦးဖြစ်ကြောင်း၊ ၎င်းအားပစ်သတ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ၄၈ နာရီအတွင်း တရားခံဖော်ထုတ်ပေးရန်နှင့် ယင်းသို့ပြုလုပ်နိုင်ခြင်းမရှိပါက အလုပ်မှဖြုတ်နိုင်ဖွယ်ရှိကြောင်း မြို့တော်ဝန်က ရဲတပ်ဖွဲ့သို့ အမိန့်ထုတ်ပြန်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်တွင်းရေးကိစ္စ၌ ဝင်မစွက်ဖက်ရန် အီးယူကို ဆီးရီးယား သတိပေး

ဒမတ်စကတ် မေ ၂၂

ဆီးရီးယားအစိုးရက သဘောထားကွဲလွဲသူများအပေါ် နှိပ်ကွပ်နေသည့်ကိစ္စနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ (အီးယူ)က ဝေဖန်ပြောကြားပြီးခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အီးယူ ကိုယ်စားလှယ်တစ်ဦးကို စနေနေ့က ဆင့်ခေါ်ခဲ့ပြီး ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် သတိပေးခဲ့ကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်နိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းရန် တောင်းဆိုနေကြသည့် နိုင်ငံရေးလှုပ်ရှားတက်ကြွသူများ အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန် အီးယူက ဆီးရီးယားကို သောကြာနေ့က တိုက်တွန်းခဲ့သည်။

အီးယူ၏ ပြောကြားချက်သည် ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးတွင် စွက်ဖက်နေခြင်းဖြစ်၍ လက်ခံနိုင်စရာမရှိကြောင်း၊ ယင်းပြဿနာကို ဆီးရီးယား၏ အချုပ်အခြာအာဏာပိုင်စိုးမှုအရ ဖြေရှင်းနိုင်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ဘနွန်နှင့် ပုံမှန်သံတမန်ဆက်ဆံရေး ထူထောင်ရန်နှင့် ဆီးရီးယားနှင့် လက်ဘနွန် နှစ်နိုင်ငံ နယ်စပ်မျဉ်း သတ်မှတ်ရန် တောင်းဆိုထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ဆီးရီးယားက မေ ၁၇ ရက်တွင် ပယ်ချခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်တွင် တိုက်ပွဲဖြစ်ပွား ပြင်သစ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ပါရီ မေ ၂၂

ပြင်သစ် အထူးတပ်ဖွဲ့ဝင်များသည် တာလီဘန် ပြောက်ကျားများနှင့် တိုက်ခိုက်စဉ်အတွင်း ပြင်သစ် အထူးတပ်ဖွဲ့ဝင်နှစ်ဦး စနေနေ့က သေဆုံးခဲ့ကြောင်း ပြင်သစ် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖြန့်ကြက်ထား

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာမြို့အနီးတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ယင်းကြေညာချက်တွင် အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ ပြင်သစ်ကာကွယ်ရေးဝန်ကြီး အယ်လီယော့-မာရီကသေဆုံးသူတပ်ဖွဲ့ဝင် နှစ်ဦး၏ မိသားစုထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပို့ခဲ့ပြီး အာဖဂန်တွင်တာဝန် ထမ်းဆောင်နေသော နိုင်ငံစုံတပ်ဖွဲ့ကို ထောက်ခံမှုများ ပေးသွားမည်ဟု အခိုင်အမာပြောကြားကြောင်း ကြေညာချက်တွင်ပါရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ပြင်သစ်တပ်ဖွဲ့ဝင် ၂၀၀ ခန့် ဖြန့်ကြက်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ကာဆွန်မြို့၌ ကျင်းပသည့် အက်ဒီဒက်စ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲ ပန်းဝင်လာသူများကို မေ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားနှင့် ကာဇက်စတန် ထိပ်သီးဆွေးနွေးပွဲကျင်းပ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

မော်စကို မေ ၂၂

ရုရှားနှင့် ကာဇက်စတန်နိုင်ငံတို့ ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့ကြကြောင်း၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း ဆိုချီမြို့တွင် စနေနေ့က ပြုလုပ်သော ထိပ်သီးဆွေးနွေးပွဲတွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ကာဇက်စတန်သမ္မတ နူစူလတန် နာဇာဘာယက်ဗ်တို့သဘောတူညီမှုကို ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။



အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့၌ ကမ္ဘာ့ဆင်းရဲသားများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးရန် တောင်းဆိုဆန္ဒပြနေသူများကို မေ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နှစ်နိုင်ငံ၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ အရည်အသွေးမြင့်မားမှုအတွက် အပြန်အလှန် အကျိုးပြုရေးနှင့် စစ်ဘက်ဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် သဘောတူညီခဲ့ကြကြောင်း ပူတင်၏ ပြောကြားချက်ကို ကိုးကားလျက် အီတာတာ့စ် သတင်းဌာနက ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များနှင့် ပတ်သက်၍ ထုတ်လုပ်ရေး၊ သန့်စင်ရေးနှင့် ဈေးကွက်ရှာဖွေရေးတို့ကို နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း ပူတင်က ပြောကြားသည်။

ကာဇက်စတန်နှင့် ရုရှားနိုင်ငံတို့မှတစ်ဆင့် တရုတ်နိုင်ငံမှ ဥရောပတိုက်သို့ ကုန်သေတ္တာများ သယ်ယူပို့ဆောင်ရေးကို ပထမဦးဆုံးအကြိမ် အဖြစ် နှစ်နိုင်ငံ သဘောညီခဲ့ကြကြောင်း နာဇာဘာယက်ဗ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မီးသတ်လုပ်ငန်းနှင့် လူမှုဝန်ထမ်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာနသို့ရောက်ရှိသည်။ ဝန်ကြီးအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ညွှန်ကြားရေးမှူးများက မီးသတ်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဖွဲ့စည်းပုံနှင့် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်၏ မူဝါဒအား အကောင်အထည်ဖော်ရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပူးပေါင်း၍ မိမိလုပ်ငန်းရပ်များ ပီပြင်အောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာအေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်များ၊ ကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၌ စောင့်ရှောက်ထားသော ကလေးသူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်ပြီး အိမ်တွင်းမှုသက်မွေးပညာ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးလုပ်ငန်းခွင်များ၊ ထမင်းစားဆောင်နှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ဒဂုံတက္ကသိုလ် သချ်ာကျောင်းသားဟောင်းအာစရိယပူဇော်မည်

ရန်ကုန် မေ ၂၃

ဒဂုံတက္ကသိုလ် ၁၉၉၅-၂၀၀၂ ခုနှစ် သချ်ာကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရေး အစည်းအဝေးကို မေ ၂၁ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးမှ သချ်ာအသင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်းပြုပြင်မွမ်းမံခဲ့သည့် ပုဂံမြို့ ပညာသိပ္ပမြေရုံသီစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့် ဒဂုံတက္ကသိုလ်မှ အငြိမ်းစား သချ်ာပါမောက္ခများအား ပူဇော်ပွဲကျင်းပရေး၊ မိတ်ဆုံစားပွဲကျင်းပရေးတို့ကို ဆုံးဖြတ်ကြသည်။

ဒဂုံတက္ကသိုလ် သချ်ာကျောင်းသားဟောင်းများသည် ကထိက ဦးမျိုးတင့် ဖုန်း-၀၉၅၀၀ ၅၆၅၇၊ ကိုဘုန်းနိုင် ဖုန်း-၀၉၅၁ ၂၁၉၃၁၊ ၀၉၅၁၂၁၉၃၂၊ ကိုခင်မောင်မောင် ဖုန်း-၇၀၀၇၉၀၊ ကိုကျော်မျိုးအောင် ဖုန်း-၆၈၂၃၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

လက်မှတ်ရေးထိုး

ဆီအုန်းသုတေသန ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာ တန်ဇီပင်းတို့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

(သတင်းစဉ်)

ဆီအုန်းသုတေသနဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုမြှင့်တင်ရေး စီမံကိန်း သဘောတူစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၃

ဆီအုန်းသုတေသန ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး အတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာ တန်ဇီပင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ဌာနေကိုယ်စားလှယ် မစ္စတာ တန်ဇီပင်းတို့က အဖွင့်အမှာစကားပြောကြားကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စား ဌာနေကိုယ်စားလှယ် မစ္စတာ တန်ဇီပင်းတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆီအုန်းအထူးစီမံကိန်း

FAO မှ အထောက်အပံ့သည် အထူးသဖြင့် ဆီအုန်း တိုးချဲ့စိုက်ပျိုးရေးကို ရည်ရွယ်သည်။ ယခုအခါ နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ၁၉၉၈ခုနှစ်မှစ၍ တနင်္သာရီတိုင်း၌ ဆီအုန်းအထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက လုပ်ငန်းရှင် ၃၅ဖွဲ့ကို မြေဧရိယာ ၁၄၃၁၆၁၉ဧက ခွဲဝေသတ်မှတ်ပေးခဲ့ပြီး ဆီအုန်းတိုးချဲ့ စိုက်ပျိုးစေခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ တနင်္သာရီတိုင်း၌ ၁၆၃၀၄၈ ဧက၊ မွန်ပြည်နယ်၌ ၁၇၂၃ဧက၊ ကချင်ပြည်နယ်တွင် ၅၇ဧက၊ ရခိုင်ပြည်နယ်၌ ၉၄ဧကနှင့် ဧရာဝတီတိုင်း၌ ငါးဧက စုစုပေါင်း ၁၆၄၉၂၇ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။

FAO စီမံကိန်းအနေဖြင့် ဆီအုန်းပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးရေး နည်းပညာ အထောက်အကူဖြစ်စေရေး၊ သုတေသနဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ နည်းပညာများ အကူအညီပေးရေး၊ ဒေသနှင့် သင့်လျော်သည့်အထွက်နှုန်းကောင်းမွန်သည့် ဆီအုန်းစပ်မျိုးစေ့များ ရရှိရေး စသည့် အထောက်အပံ့ များစွာ ရရှိနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ရေငွေ့သုံး ဆန်အရောင်တင်စက်
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်းအကျဉ်း
၇:၄၀	နိုင်ငံတကာအနုပညာရေးရာ
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	မုချမသွေသေစေနိုင်သော ခွေးရူးပြန်ရောဂါ သတိပြု၍ကာကွယ်ပါ။ (ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	Learning English (Tools)
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	Graphic Design-1 (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၁၀:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ကောင်းမွန်စွာစားသုံးဖို့ မြေပဲယို၊နှမ်းယိုပြုလုပ်စို့
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Myanmar Video Rhythm
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ Korea-Myanmar Friendship Interchange Association ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven. Mok Tak က ဆောက်လုပ်လှူဒါန်းမည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရန်ပုံငွေအတွက် ဈေးရောင်းပွဲတော်ကို ကန်တော်ကြီး ဥယျာဉ် ကရဝိက်နန်းတော်၌ ဇွန် ၂ရက် ညနေ ၄နာရီမှ ည ၇နာရီအထိ လည်းကောင်း၊ ဇွန် ၃ရက် နံနက် ၉နာရီမှ ည ၇နာရီအထိ လည်းကောင်း ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ဇွဲစုံသာသနာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမ မဟာထေရ်၏ သက်တော် (၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာကို မေ ၂၈ရက်တွင် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက ပူဇော်ကန်တော့ပြီး သိက္ခာထပ် မင်္ဂလာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆-၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍

ကျောင်းသုံး ဖတ်စာအုပ်များကို

ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်းများစစ်ဆေး

ရန်ကုန် မေ ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရှခင်းသာလမ်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးရေးဓာတ်ခွဲခန်းသို့ ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူများက ရေထွက်ပစ္စည်းနှင့် သားငါး ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ရောဂါပိုးဆိုင်ရာ ကင်းရှင်းရေးအတွက် စမ်းသပ်စစ်ဆေးမှုများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတကာ လက်ခံကျင့်သုံးနေသည့် စံချိန်စံနှုန်းများနှင့်အညီ အရည်အသွေး ကောင်းမွန်အောင် ရောဂါပိုးစစ်ဆေးမှုများ အချိန်နှင့်တစ်ပြေးညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရေး အသေးစိတ်မှာကြားပြီး ပဋိဇီဝဓာတ်ကြွင်း စမ်းသပ်စစ်ဆေးခြင်းနှင့် ဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးဓာတ်ခွဲခန်းများ၊ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် သာကေတ ရှခင်းသာလမ်းရှိ Yuzana Edible Oil Group ၏ တစ်နေ့လျှင် တန် ၃၀၀ ကျ စားအုန်းဆီသန့်စက်ရုံသို့ ရောက်ရှိပြီး စားအုန်းဆီကုန်ချော၊ ထုပ်ပိုးမှု အဆင့်ဆင့်ကိုလည်းကောင်း၊ ဈေးကွက်တင်ပို့ရန် အသင့်ဆောင်ရွက်ပြီး စားအုန်းဆီကုန်ချောများ အခြေအနေကို လည်းကောင်း၊ ကွန်ပျူတာထိန်းချုပ်စက်များဖြင့် ချိန်တွယ်ထုပ်ပိုးမှု အခြေအနေကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် စားအုန်းဆီဆီသန့်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ခေတ်မီကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်ဆောင်ရွက်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သာကေတမြို့နယ် ရှခင်းသာလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးရေးဓာတ်ခွဲခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(မွေး/ရေ)

အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်း၌ နိုင်ငံတော်မူဝါဒနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားချက်များ၊ ရုံးလုပ်ငန်းဆောင်ရွက်ပုံ နည်းစနစ်၊ အညွှန်းကိန်း ဖြည့်စွက်ပုံနည်းစနစ်နှင့် ဓာတ်ပုံမှတ်တမ်းများ တင်ပြပုံနည်းစနစ်များကို စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချသွားမည် ဖြစ်သည်။ သင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၈၁ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။

လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း မိုးစပါးတိုးချဲ့စိုက်ပျိုးမည့်မြေနေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် မေ ၁၉ ရက်တွင် သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းလိုက်ပါလျက် အုတ်ဖိုမြို့နယ် တိမ်ညွန့်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ဘုရားအနီး တောရိုင်းမြေ၌ မိုးစပါးတိုးချဲ့ဧက ၅၀၀ စိုက်ပျိုးမည့်မြေနေရာများကို စက်ယန္တရားကြီးများ၊ ထွန်စက်များ၊ ဒေသခံတောင်သူများက ဖော်ထုတ်ရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက တောရိုင်းမြေအတွင်း မိုးစပါးတိုးချဲ့စိုက်ပျိုးရန် မြေနေရာဖော်ထုတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးချုပ်လှမင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်မှူးချုပ်လှမင်းက မိုးစပါး တိုးချဲ့စိုက်ပျိုးမည့်တောင်သူများအား စပါးမျိုးများနှင့် မြေသြဇာများကို ပေးအပ်သည်။ အုတ်ဖိုမြို့နယ်အနေဖြင့် ယခုနှစ်အတွင်း မိုးစပါးဧက စုစုပေါင်း တစ်သိန်းကျော် စိုက်ပျိုးမည်ဖြစ်သည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် ကြို့ပင်ကောက်မြို့ရှိ တည်ဆောက်ရေး (၂) ဆည်မြောင်းရိပ်သာသို့ရောက်ရှိကြပြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ မိုးစပါးတိုးချဲ့စိုက်ပျိုးမည့် အစီအမံများနှင့် ခြံစည်းရိုးကြက်ဆူပင် ဆက်လက် စိုက်ပျိုးမည့် အစီအမံများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အစီအမံများကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ဗိုလ်မှူးချုပ်လှမင်းသည် မေ ၂၀ ရက်တွင် ပြည်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော နဝမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲသို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်များ စနစ်တကျ စိုက်ပျိုးရေးရှင်းလင်း

ရန်ကုန် မေ ၂၃

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးရှင်းလင်းပွဲကို မေ ၁၇ ရက်တွင် ဂန့်ဂေါမြို့နယ် တဇန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက ဇီဝလောင်စာဆီ ထုတ်လုပ်ရရှိရေး၊ ခြံစည်းရိုးကြက်ဆူပင်များ စနစ်တကျ စိုက်ပျိုးရေး၊ မိုးစပါး အပါအဝင် သီးနှံများပြည့်မီအောင် စိုက်ပျိုးရေးတို့ကိုမှာကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် တဇန်းရွာ ရွှေဝါဖူးစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီထံသို့ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် အထူးအမြန်ကုန်ရထားများ ပြေးဆွဲရန် စီစဉ်နေ

နေပြည်တော် မေ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းအုပ်ကြီး၊ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ပြည်နယ်နှင့် တိုင်းအဆင့်အရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားရာ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍကို အဓိက ဆောင်ရွက်ပေးသည့် ဌာနကြီးဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် (အထူးအမြန်) ကုန်ရထားများပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်း၊ အလားတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတို့မှ တာဝန်ရှိသူ များကလည်း မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းကောင်း တစ်ဦးဖြစ်ရေးအတွက် ညွှန်ကြားမှုနာယူတတ်ခြင်း၊ သစ္စာစောင့်သိခြင်း၊ ပေးအပ်သည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းတို့ရှိရန်လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

အမှာစကားပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သုံးသပ်တင်ပြ

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လုပ်ငန်းအခြေအနေများကို သုံးသပ်တင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အရာရှိများ၊ အထွေထွေမန်နေဂျာများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပို့ချ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁နာရီမှညနေ ၃နာရီအထိ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အပတ်စဉ်(၂၃)မှ သင်တန်းသား၊ သင်တန်းသူ ၁၀၂ ဦးတို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

ဆွမ်း၊ ဆေး ပဒေသာပင်

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်း (၁၃၆)လမ်းနေ ဒေါ်သန်းသန်းမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး ပဒေသာပင် ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေး နှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ–

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့ညွှန်များရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။

(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊သဲ၊ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အကူသူနာပြုသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဆေးကုသမှုစွမ်းရည် ပိုမိုမြင့်မားရေးနှင့် အရည်အချင်းမီ သူနာပြုများ ပေါ်ထွက်လာရေးတို့အတွက် အကူသူနာပြု (Nurse Aid)သင်တန်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ သင်တန်းသို့ သူနာပြုတက္ကသိုလ်မှ ပညာရှင်များက လာရောက်ပို့ချ သင်ကြားကြမည်ဖြစ်ပြီး ပြင်ပမှ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း မြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (လူပျို)အမျိုးသားဖြစ်ပြီး အနည်းဆုံး န၀မတန်းအောင်မြင်သူ ဖြစ်ရမည်ဖြစ်သည်။ နောက်ဆုံး လျှောက်လွှာပိတ်ရက်မှာ ဇွန် ၁၀ ရက်ဖြစ်သည်။

သင်တန်းပြီးဆုံး၍ စာမေးပွဲအောင်မြင်ပါက အဆိုပါဆေးရုံကြီး၌ အကူသူနာပြုများအဖြစ် ခန့်ထားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အဆိုပါဆေးရုံကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၅၈၄၃၄၊ ၅၄၁၇၉၅၊ ၅၄၅၇၈၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ကျွန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရွှေပြည်သာမြို့နယ် (၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်တိုင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် ကုမ္ပဏီများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များနှင့် မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရန်၊ အလေးချိန်ခွင်များ မှန်ကန်ရေးကို တာဝန်ရှိသူများက ကြပ်မတ်ကြရန်၊ ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်နှင့် စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ကြရန် မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

✻ **ဥရောပမှ**

တည်ဆောက်ခဲ့ကြောင်း ဂျာမနီနိုင်ငံပိုင် ရထားကုမ္ပဏီဖြစ်သော ဒိုင်းဘန်းကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ ဂါဘရေးရှာလော့က ပြောကြားသည်။

ဟပ်ဘန်ဟော့ဖ် မီးရထားဘူတာရုံ အဆောက်အအုံပုံစံမှာ ဖန်သားပေါင်းမိုးတပ်ဆင်ထားသော ခန်းမဆောင်ပုံသဏ္ဍာန်ဖြစ်သည်။ အဆိုပါဘူတာရုံသည် ဘာလင်မြို့၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာရှိ ဒေသများမှ ဝင်ရောက်လာမည့် ရထားခရီးစဉ်များအတွက် လမ်းဆုံဘူတာရုံဖြစ်သည်။

အကယ်၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်ခွင့်ရရှိမည်ဆိုပါက အင်္ဂလန်အသင်းဘက်မှ အားပေးရန် ဗြိတိန်နိုင်ငံသား သိန်းနှင့်ချီကာ ဘာလင်မြို့သို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရပြီး ဘာလင်ရှိဘူတာရုံသစ်က ဘောလုံးပွဲကြည့်ပရိသတ်ခရီးသည်များအတွက် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ဒိုင်းဘန်းကုမ္ပဏီက ပြောကြားသည်။ **အင်တာနက်။**

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြား

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ယဉ်ကျေးမှု)

နေပြည်တော် မေ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီအရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးမစတင်မီ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်အတူ ယဉ်ကျေးမှုတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံအမှာ စကားပြောကြားသည်။ (သတင်းစဉ်)

✻ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေမှ

ဆက်လက်၍ ဆိပ်ကမ်းသို့လှောင်ရုံ၌ ရောက်ရှိနေသော ကုန်ပစ္စည်းများထားသိုသိမ်းဆည်းထားမှုကို လိုက်လံရှင်းလင်းပြသကြရာ ဝန်ကြီးကလိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကုန်သေတ္တာများကို စစ်ဆေးသည့် X-RAY စက်ကိုလည်းကောင်း၊ ပြည်ပပို့ကုန် အိတ်သွတ် ကုန်ပစ္စည်းများကို ကုန်သေတ္တာတွင်း ထည့်သွင်းမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အလုံ Asia World ဆိပ်ကမ်းသို့ရောက်ရှိပြီး သွင်းကုန်ပစ္စည်း ကုန်သေတ္တာများဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဆိပ်ကမ်း၌ အသစ်တပ်ဆင်ပြီးစီးလျက်ရှိသော X-RAY စက်ဖြင့်ကုန်သေတ္တာများအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်ဆိပ်ကမ်းအတွင်းကုန်သေတ္တာများ တင်ချနေမှု၊ ကုန်သေတ္တာများရောက်ရှိထားသိုမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ်လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ပဲခူးသင်္ဘော လွှန်းတင်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအေးသောင်းတို့က လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

➪ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းမှ

တံတားတိုင်လုပ်ငန်းများ ပြီးစီးပြီး တံတားကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်း ၁၈ခန်းရှိသည့်အနက် ၁၂ခန်းပြီးစီးလျက် ခြောက်ခန်းသာ ဆောင်ရွက်ရန်ကျန်ရှိပြီး ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတားတွင် တံတားတိုင်လုပ်ငန်းများပြီးစီးကာ တံတားခန်းဖွင့် ၁၉ခန်းရှိသည်ဖြစ်ရာ သံကူကွန်ကရစ်ရက်မနှင့်သံပေါင်ရက်မကိုးခန်း ဆောင်ရွက်ပြီးစီးလျက် သံကူကွန်ကရစ် ကြမ်းခင်းလုပ်ငန်းမှာ ငါးခန်းဆောင်ရွက်ပြီးစီးပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

အရက်နှင့် စီးကရက်ကို မနားတမ်းသောက်သုံးခြင်းကြောင့် ကျန်းမာရေးဒုက္ခများ ဖြစ်ပေါ်ရသည်လည်းရှိကြောင်း၊ အချို့မှာ မိမိကိုယ်ကိုယ်မိမိ အဆုံးစီရင်မှုပင်ရှိကြောင်း ဗြိတိန်နိုင်ငံတွင် ပြုလုပ်သည့်စစ်တမ်းတွင် ဖော်ပြထားသည်။

၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပစဉ်ကာလအတွင်း အင်္ဂလန်အသင်းက အာဂျင်တီးနားအသင်းကို ပယ်နယ်တီကန်သွင်းရာတွင် ရှုံးနိမ့်ခဲ့သဖြင့် ဘောလုံးပွဲကြည့်နေသူ ပရိသတ်အချို့ နှလုံးသွေးကြောရပ်ကာ သေဆုံးရမှုများရှိခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ် ဥရောပ တံခွန်စိုက် ဘောလုံးပြိုင်ပွဲတွင် ပြင်သစ်အသင်းကို နယ်သာလန်အသင်း ရှုံးနိမ့်ခဲ့ရာ နှလုံးရောဂါ ခံစားရသူများ တိုးပွားခဲ့ကြောင်း သုတေသီများ၏ လေ့လာချက်ကို ကိုးကားလျက် ဗြိတိသျှဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ အင်တာနက်။

❍ အမျိုးသားတံခွန်စိုက်မှ

ပြိုင်ပွဲတွင် အမျိုးသားမီတာ(၁၀၀၀) တစ်ဦးချင်းစံချိန်ပြုပြိုင်ပွဲတွင် ပထမ–မောင်မောင်စိုး (ဘဏ္ဍာ/အခွန်)၊ ဒုတိယ–မြင့်အေး (ဘဏ္ဍာ/အခွန်)၊ တတိယ–ခင်မောင်ချို(လယ်/ဆည်)၊ အမျိုးသမီးမီတာ(၁၀၀၀) တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် ပထမ–ခိုင်မာဦး (လယ်/ဆည်) ဒုတိယ–စုစုဝေ(မွေး/ရေ)၊ တတိယ–ခင်စိုးငွေး (မြို့တော်စည်ပင်)၊ အမျိုးသားမီတာ (၁၆၀၀) အုပ်စုတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ–ဝင်းနိုင်တာ(လယ်/ဆည်)၊ ဒုတိယ–မောင်မောင်စိုး (ဘဏ္ဍာ/အခွန်)၊ တတိယ– ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်) အမျိုးသမီး မီတာ(၁၆၀၀) အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ–ခိုင်မာဦး (လယ်/ဆည်)၊ ဒုတိယ–ယုမာဦး (လယ်/ဆည်)၊ တတိယ–ခင်စိုးငွေး(မြို့တော်စည်ပင်)တို့ ရရှိသွားကြသည်။

အမျိုးသားမီတာ (၄၀၀၀)တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ(၄၈၀၀) အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးမီတာ (၄၀၀၀) တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ(၄၈၀၀) အုပ်စု တစ်ဦးချင်းပြိုင်ပွဲများကျင်းပသည်။

ပြိုင်ပွဲများကို မေ ၂၄ ရက် နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ယှဉ်ပြိုင်

အမျိုးသား မီတာ(၄၈၀၀)အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နဝမအကြိမ်ကွန်ပျူတာပန်းချီ၊ပိုစတာပြိုင်ပွဲကို မေ၁၃ရက်တွင် လွိုင်ကော်မြို့ အစိုးရကွန်ပျူတာ ကောလိပ်၌လည်းကောင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း ကျင်းပသည်။ (သတင်းစဉ်)

ဟင်းသီးဟင်းရွက်စားသောက်စရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်–

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။
၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသောသစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။
၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။
၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ တံတားအလှပန်းလောင်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ– တတိယနှစ် (ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၅ ၇။ မြန်မာစာမြန်မာစကား
- ၅:၃၅ ၈။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၉။ **“ဆွေမျိုးတော်ပေမယ့်” (ဒုတိယရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဇေဒါ) (ဒါရိုက်တာ–သက်တင်)**
- ၅:၅၀ ၁၀။ ရုပ်ဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဥာဏ်ရှင်
- ၇:၀၅ ၁၄။ အကပြိုင်ပွဲ
- ၇:၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **၂၀၀၅ ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ(ရုပ်သေး) “မင်းကုသဇာတ်တော်ကြီး”(မန္တလေးတိုင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါက ထိရောက်စွာ အရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများသတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်တိန်းစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိ

အမှာစကားပြောကြား

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်တိန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွာမကျောက်ချောလမ်းဖွင့်ပွဲတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ကို အလေးထား အကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်တိန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွာမကျောက်ချောလမ်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးခင်မောင်ကြီး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားသည်။ ထို့နောက် နမ့်တိန်းစံပြကျေးရွာ ရွာမိရွာဖ ဦးလုံးလောင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မိုင်းပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းစံဝင်း၊ ရပ်မိရပ်ဖ ဦးစိုင်းထွန်းတို့က နမ့်တိန်းရွာမ ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ရွာမကျောက်ချောလမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ရွာမကျောက်ချောလမ်းသည် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ ပေရှိပြီး ပြည်သူ ထည့်ဝင်ငွေကျပ်သုံးသိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသော "ပညာအလင်းရောင်" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအမှုဆောင် ဒေါ်စန်းယဉ်အုန်းက အလှူငွေကျပ် ၅၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းစိန်နုက အလှူငွေကျပ် ၅၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက စာအုပ်မျိုးစုံ ၁၀၀ လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးလုံးထွန်းက လက်ခံသည်။ ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်နှစ် နမ့်တိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ဆုချီးမြှင့်ခဲ့ကြသည်။

အခမဲ့ကုသ

နမ့်တိန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၌ လွိုင်လင်ခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ဆေးကုသပေးရာ မျက်စိလူနာ ၄၁ဦး၊ သွားလူနာ ၂၅ဦး၊ အထွေထွေရောဂါ ၁၁၁ ဦး စုစုပေါင်းလူနာ ၂၀၆ ဦးတို့အား အခမဲ့ကုသပေးခဲ့သည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ကြက်ဆူဆီထုတ်လုပ်မှုသရုပ်ပြပွဲကျင်းပရာ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းက ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်တိန်းကျေးရွာ ခြံစည်းရိုးကြက်ဆူ စံပြငါးဧကစိုက်ခင်းအတွက် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးပြီး ကျေးရွာခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။ မိုင်းပန်မြို့နယ်၌ မေ ၄ရက်အထိ ခြံစည်းရိုးကြက်ဆူ ၁၁၅၈ ဧကစိုက်ပျိုးထားပြီး ပျိုးထောင်ပြီးအပင်ပေါင်း ၁၇ ဒသမ ၁၁ သိန်းရှိကြောင်း သိရှိရသည်။

နမ့်တိန်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းသူအမျိုးသမီးများ စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံ တိုင်းရင်းသူများ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ကြပြီး လင်းခေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်မိုးဆွေက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လင်းခေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်လှနှင့် မိုင်းပန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေမေတို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဖွဲ့စည်းပုံနှင့် တာဝန်များကိုလည်းကောင်း၊ လူကုန်ကူးမှုကင်းစင်ရေး၊ အကြမ်းဖက်မှုမှ ကာကွယ်ရေးတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သက်ကြီးရွယ်အို ၁၂ ဦးအား ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကန်တော့ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

နမ့်တိန်းစံပြကျေးရွာ၌ အိမ်ထောင်စု ၇၂စုရှိပြီး လယ် ၉၃၃ဧက၊ ယာမြေ ၅၃၂ ဧက၊ ဥယျာဉ်ခြံ ၈၃ ဧကရှိရာ အဓိကအားဖြင့် စပါး၊ ပဲပုပ်၊ ကြက်သွန်ဖြူ၊ နာနတ်၊ လိမ္မော်၊ ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးကြသည်။ ထွက်ရှိသော သီးနှံများကို လင်းခေးခရိုင်မှတစ်ဆင့် အနယ်နယ် အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုနိုင်

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အင်ဂျင်စက်သုံးလုံးဖြင့် လျှပ်စစ်မီးပေးလျက်ရှိရာ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်တို့ကိုလည်းကောင်း၊ ဂြိုဟ်တုစလောင်းဖြင့်လည်းကောင်း ကြည့်ရှုနိုင်ကြပြီဖြစ်သည်။

ကျေးရွာသောက်သုံးရေရရှိရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေရရှိရေးအတွက် နမ့်တိန်းဆည်သုံးခုမှ ရေရရှိသည်။

တိုးတက်

မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ထားခဲ့သော မိုင်းပန်မြို့သို့သွားလိုပါက နမ့်တိန်းရွာကို ဖြတ်သန်းသွားရခြင်း၊ နမ့်တိန်းရွာ၌ မဟာတေဇာဓိပတိ (ရွှေတိဂုံ ပုံတော်တူ) စေတီတော် တည်ထားကိုးကွယ်ထားရှိခြင်း၊ မိုင်းပန်မြို့နယ် တောင်ဘက်၌ ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိနေခြင်း၊ ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများပေါများခြင်း၊ ဒေသထွက် လယ်ယာထွက်ကုန်သီးနှံပေါများခြင်းတို့ကြောင့် နမ့်တိန်းစံပြကျေးရွာသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိရသည်။ (သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ဝမ်းနှင့် အန်ဖတ်များတွင် ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့် အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်-

* အစားအသောက်များပေါ်သို့ ယင်အုံယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင် သိမ်းဆည်းခြင်း၊

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်-

* သောက်သုံးရေအဖြစ် အသုံးပြုသည့် ရေတွင်း၊ ရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင် ရှိခြင်း၊
* သောက်သုံးရေတွင်း ရေကန်များ အနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း၊

၄။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေကန်များအနီးနှင့်မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
* သောက်သုံးရေတွင်းရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်
* ရေတွင်းရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ရေခွက်များနှင့်မခပ်ပါနှင့်။ ရေခပ်ယူရန် လိုအပ်ပါက ရေတွင်းရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ။
* ရေကို ကျိုချက်၍ သောက်ပါ။
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို စားပါ။
* အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများမစားပါနှင့်။
* အစားအစာများကို မကိုင်တွယ်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
* အစားအစာများထည့်သည့် အိုး၊ခွက်၊ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။
* ယင်လုံအိမ်သာ အသုံးပြုပါ။
* အိမ်သာမှ ဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်းလက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း တိကျစွာ ဖျော်၍ သောက်ပြီး နီးရာဆေးရုံ၊ ဆေးခန်းတွင် ဆောလျင်စွာ ပြသကုသမှု ခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ခရမ်းမြို့နယ်၌ လူထုအတွင်း ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာနနှင့်ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယူနစ်တို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်းနည်းပြသင်တန်းကို မေ ၁၅ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ရာ ဖွင့်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (မြန်မာ)အဖွဲ့ရုံးမှ Ms. Bridget Gardner၊ ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူးများ၊ သင်တန်းဌာန ဒုတိယဌာနမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် Ms. Bridget Gardner နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူး ဒေါက်တာထွန်းအောင်ရွှေတို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းတွင် မင်းဘူးမြို့နယ်၊ မြိတ်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ မတ္တရာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ဖြူးမြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၅ရက်မှ ၂၅ရက်အထိဖြစ်သည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် တွေ့ရှိချက်များကို လေးလတစ်ကြိမ် အစီရင်ခံစာများပြုစုပေးပို့

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို မေ ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပသည်။ အစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ယခင်ဒုတိယအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြစ်ချောင်းများ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် ရေဝေရေလဲဒေသရှိ သစ်တောများ ထိန်းသိမ်းကာကွယ်ရေး၊ သားငါး၊ ပုစွန်များ ပုံမှန်ထုတ်ယူစားသုံးနိုင်ရန် ဒီရေတောများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒုတိယဝန်ကြီးများအနေဖြင့် တာဝန်ကျရာ ပြည်နယ်နှင့်တိုင်းများသို့ သွားရောက်၍ ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများနှင့်ညှိနှိုင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်များရေးဆွဲ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တွေ့ရှိချက်များကို လေးလတစ်ကြိမ် အစီရင်ခံစာများ ပြုစုပေးပို့ရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်၌ အရေးကြီးဆုံး လုပ်ငန်းတစ်ခု ဖြစ်လာကြောင်း၊ မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် အကြီးအကဲက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ မြစ်များ မတိမ်ကောရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ငွေကုန်ကြေးကျ ကြီးမားစွာဖြင့် ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် အထူးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒုတိယဝန်ကြီးများအနေဖြင့် ပြည်နယ်၊တိုင်းများသို့ သွားရောက်၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး အစီရင်ခံစာများ ပုံမှန်ပေးပို့ရန် လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအရ အထူးလုပ်ငန်းအဖွဲ့များ၏အမည်စာရင်းများ၊ ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့ အမည်စာရင်းများ၊ အစည်းအဝေး မှတ်တမ်းများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာများ လက်ခံရရှိထားမှုတို့ကို ဆွေးနွေးသည်။

ယင်းနောက် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့များ၏ တာဝန်ခံများဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျို၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးတို့ကလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာ၌ သစ်တောများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်သဖြင့် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် အထူးလုပ်ငန်း အဖွဲ့လိုက် လုပ်ငန်းအစီရင်ခံစာများကို ပုံမှန်ပေးပို့တင်ပြသွားရန် နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒီဇယ်အင်ဂျင်အကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၂၃

M.Y Associates Co., Ltd. နှင့် Federal Mogul Corporation တို့က ကြီးမှူးကျင်းပသော FP ဒီဇယ်အင်ဂျင်အစိတ်အပိုင်းများအကြောင်း ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံလမ်းရှိ ဆမ်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် M.Y Associates Co., Ltd. မှ CEO ဦးရဲထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Federal Mogul Corporation မှ Asia Pacific Sales Director, Mr. Augustino Sorrentino က FPဒီဇယ်အင်ဂျင်အစိတ်အပိုင်းများအကြောင်းကို အပိုင်းသုံးပိုင်းခွဲကာ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ဧည့်သည်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများသည် မြေတူးစက်များ၊ မြေသယ်စက်များ၊ ယန္တရားကြီးများ၊ ငါးဖမ်းသင်္ဘောအင်ဂျင်များ၊ မီးစက်များတွင် အသုံးပြုနေသော Caterpiller ၊ Cummins၊ Detroit Diesal၊ International၊ John Deere၊ Komatsu၊ Mack Waukesha၊ White Superior Engine များအတွက် Piston၊ Liner၊ Gasket၊ Ring, Bearing၊ Valve အစရှိသည့် အင်ဂျင်အစိတ်အပိုင်းများဖြစ်ပြီး M.Y Associates Co., Ltd. သည် FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများအပါအဝင် CHAMPION Spark Plugs၊ Beral Clutch Discs၊ AE Engine Component:PAYEN oil Sales၊ National Oil Sales၊ SKF Rolling Bearings and Maintenance ပစ္စည်းများ၊ OPTIBELT၊ TRW-LUCAS ၊ PETRONAS Lubricants နှင့် MILITEC-1 Metal Conditioner အစရှိသည့် ကုန်ပစ္စည်းများကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။ ကုမ္ပဏီနှင့် ဆက်သွယ်လိုပါက အမှတ် (၂၁၆) ဗိုလ်ချုပ်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၅၀၂၊ ၃၉၂၅၀၃၊ ၃၉၂၅၈၈၊ ၃၉၂၈၂၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

FP ဒီဇယ်အင်ဂျင်အစိတ်အပိုင်းများအကြောင်း ရှင်းလင်းပွဲတွင် CEO ဦးရဲထွဋ် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၈-၅-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့

နှင့်

(၂၅-၆-၂၀၀၆) ရက်နေ့

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇရိပ်သာနေ ပါမောက္ခဦးထူးဟန်၊ ဒေါက်တာဒေါ်ခင်စုကြည်၊ သား နေထူးဟန်နှင့် ဇနီး ဖရန်ချက်စကာဖန်း၊ သမီး နှင်းရည်ထူး၊ ဝင့်ရည်ထူး မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ခြောက်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မှတ်တမ်းရုံးရှေ့ သုခိတာလမ်းနေ ကွယ်လွန်သူ ဦးဝင်းသောင်း၊ သား မောင်မြသိန်း၊ သားငယ် မောင်မောင်တို့အား ရည်စူး၍ ဒေါ်အေးစိန်မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

၂၀၀၆ခုနှစ် မေ ၂၃ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် ဒေသအလိုက်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီ ဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဖြစ်မြဲထက် ၇ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များ**မှာ ကလေးဝမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၀ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကိုကိုးကျွန်းမြို့တွင် ၆ဒသမ၅၄ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ဒသမ၆၆လက်မ၊ မြိတ်မြို့တွင် ၂ဒသမ၄၄ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၃၆လက်မ၊ မကွေးမြို့နှင့် ခရမ်းမြို့ တို့တွင် ၁ဒသမ၄၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပါသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေလ ၂၄ ရက် ညနေအထိ ခန့်မှန်းချက်

မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)

၂၂-၅-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၆၇ ဒီဂရီဖာရင်ဟိုက်)

၂၃-၅-၂၀၀၆

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၂၃-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၄ ဒသမ ၂ နာရီခန့် ၂၂-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၅-၂၀၀၆	၀ဒသမ၈၆လက်မ	၂ဒသမ၃၇လက်မ	၃ဒသမ၆၆ လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၃ ဒသမ ၅၀ လက်မ	၁၆ဒသမ၅၀ လက်မ	၁၈ဒသမ၁၅လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၅-၂၀၀၆ရက် ၂၁း၁၅နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ၇ မိုင်နှုန်းတိုက်ခတ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ပြိုင်ဘက်များ အထူးဂရုစိုက်ရမည့် ထရီနီဒက်နှင့် တိုဘာဂို

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်းက ထရီနီဒက်အသင်းသည် အာရှမှ ဘာရိန်းနှင့် အဆုံးအဖြတ် ခြေစစ်ပွဲ ကစားရသည်။ ထိုစဉ်က ထရီနီဒက်အသင်း ခြေစစ်ပွဲအောင်လိမ့်မည်ဟု မည်သူမျှ မထင်ခဲ့ကြချေ။ သို့သော် လူဦးရေ ၁ ဒသမ ၁ သန်း ကျော်မျှရှိသော ကာရစ်ဘီယံ နိုင်ငံငယ်ကလေးသည် ခြေစစ်ပွဲအောင်ခဲ့သည်။ အဆင့်မြင့် ဘောလုံးဇာတ်ခုံပေါ်တွင် ထိုက်တန်သော နေရာတစ်ခု ရရှိခဲ့သည်။

ထရီနီဒက်အသင်းသည် ပထမအဆင့် ခြေစစ်ပွဲတွင် ဒိုမီနီကန်အသင်းနှင့် ကစားရသည်။ နှစ်ပွဲစလုံးအနိုင် ရရှိပြီး ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရသည်။ အဓိကပြိုင်ဘက် ဖြစ်သော မက္ကဆီကို အသင်းနှင့်တွေ့သည်။ အသွားအပြန် နှစ်ကျော့စလုံးရှုံးသည်။ သို့သော် ထရီနီဒက်သည် စိန့်ကစ်စ်၊ နီဗစ်၊ စိန့်ဗင်းဆင့်၊ ဂရင်နာဒါ အသင်းများကို အနိုင်ရသည်။ ထို့ကြောင့် ထရီနီဒက်သည် နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက် ကစားခွင့်ရသည်။

ထရီနီဒက်သည် အမေရိကန်၊ မက္ကဆီကို၊ ကော့စတာရီကာ၊ ဂွာတီမာလာ၊ ပနားမားအသင်းများနှင့် ကစားရမည်။ လူနည်းစုလောက်ကသာ ခြေစစ်ပွဲအောင်မည်ဟု စိတ်ကူးခဲ့ကြသည်။

ပွဲအစတွင် အခြေအနေ ဆိုးဆိုးရွားရွားနှင့် ရင်ဆိုင်ရလေတော့သည်။ သုံးပွဲကစားပြီးသည်အထိ တစ်မှတ်ပဲရသေးသည်။ ပရိသတ်များ စိုးရိမ်စိတ်ဖြစ်သွားသည်။ ကစားသမားများ၏ မိမိကိုယ်မိမိ ယုံကြည်မှုများလည်း အနိမ့်ဆုံးအဆင့်သို့ ကျသွားသည်။ မည်သို့ပင်ဖြစ်စေ၊ ဘာတဲလ်လီစိန့် ကလဲယားနေရာသို့ လူစားထိုးလိုက်သော ဒတ်ချ်လူမျိုး နည်းပြဆရာ လီယိုဘင်ဟက်ကာရောက်လာမှ ထရီနီဒက်အသင်းသည် အသက်ရှူချောင်သွားသည်။ အသင်း၏ ကံကြမ္မာလည်း ပြန်လည်နိုးထလာတော့သည်။

နည်းပြသစ်

နည်းပြသစ် ဘင်ဟက်ကာက ပနားမားအသင်းကို ၂-၀ ဖြင့် နိုင်အောင် စွမ်းဆောင်ပေးသည်။ မက္ကဆီကိုနှင့်ပွဲတွင် ထရီနီဒက်သည် ၂-၀ ဖြင့် ရှုံးသည်။ သို့သော် အကောင်းဆုံးကစား

ထရီနီဒက် လက်ရွေးစင် ဘောလုံး အသင်းအား တွေ့ရစဉ်။

ထရီနီဒက် ဘောလုံးအသင်း၏ နည်းပြ လီယိုဘင်ဟက်ကာ။

သွားနိုင်သည်။ အမေရိကန်အသင်းကို တစ်ဂိုး-ဂိုး မရှိဖြင့်ကပ်၍ ရှုံးသည်။ နောက်ပွဲတွင် ဂွာတီမာလာကို ၃-၂ ဖြင့်နိုင်သည်။

ဒုတိယအကျော့တွင် ကော့စတာရီကာကို ၂-၀ ဖြင့် ရှုံးသည်။ မက္ကဆီကိုနှင့် ဒုတိယအကျော့ ပြန်ကစားရာတွင် ထရီနီဒက်က ၂-၁ ဖြင့်နိုင်သည်။ ထရီနီဒက်အသင်းအတွက် သမိုင်းဝင် အနိုင်ရခြင်းဟု ပြော၍ရသည်။ အမှတ်စာရင်းချုပ်လိုက်သည့်အခါ ထရီနီဒက်သည် အဆင့်လေးရသည်။ အမေရိကန်၊ မက္ကဆီကို၊ ကော့စတာရီကာ အသင်းများက တိုက်ရိုက်ခြေစစ်ပွဲ အောင်ကြသည်။ ထရီနီဒက်က အာရှမှ ဘာရိန်းနှင့် အဆုံးအဖြတ် ခြေစစ်ပွဲ ကစားရသည်။ နှစ်ပွဲ ပေါင်း ၂-၁ ဖြင့် နိုင်ပြီး ခြေစစ်ပွဲအောင်သည်။

၁၉၈၉ ခုနှစ်၌ ထရီနီဒက်သည် ဤကဲ့သို့ အခြေအနေမျိုးနှင့် ကြုံတွေ့

ဂမ်ဆိုင်း

ခဲ့ရဖူးသည်။ ခြေစစ်ပွဲအောင်လုလု အချိန်၌ လက်ထဲမှ လွတ်ကျသွားသည်။ အိမ်ကွင်းတွင် အမေရိကန် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်ရှုံးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အီတလီ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ပတ်သက်သော အိပ်မက်များ လွင့်ပြယ်ခဲ့သည်။ ဤကဲ့သို့ အဖြစ်မျိုး နောက်တစ်ကြိမ် မဖြစ် အောင် ထရီနီဒက်က ကြိုးစားအားထုတ်သည်။ သို့သော်လည်း ဘာရိန်းနှင့်ကစားသော နှစ်ပွဲစလုံးသည် ထူးထူးခြားခြား သိပ်မဖြစ်။ ဘာရိန်းက ၇၂ မိနစ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။ နောက်ငါးမိနစ်မှ ချေပဂိုးလိုက်သွင်းရသည်။ ဒုတိယအကျော့၌ ထရီနီဒက်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ခြေစစ်ပွဲအောင်သည်။

ခြေစစ်ပွဲအောင်

ကွန်ကာကတ်ဖ်ဇုန်တွင် ထရီနီဒက်သည် ခြေစစ်ပွဲ နောက်ဆုံးအောင်သော အသင်းတစ်သင်း ဖြစ်သည်။ ခြေစစ်ပွဲအောင်သောကြောင့် နည်းပြဆရာ ဘင်ဟက်ကာသည် ပရိသတ်များ၏ လေးစားခြင်းကို ခံရသည်။ ထို့အပြင် ဘောလုံးကစားခြင်းမှ အနားမယူခင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နောက်ဆုံးအကြိမ် ကစားခွင့်ရရန် ဒွိုက်ရော့အား အခွင့်အရေး ပေးလိုက်ခြင်းလည်းဖြစ်သည်။ ဒွိုက်ရော့သည် မန်ယူနှင့်အတူ ယူအီးအက်ဖ် အေဖလားကြီးကို ယူပေးခဲ့ဖူးသူဖြစ်သည်။

ထရီနီဒက်၏ ရှေ့တန်းမှာ တိုက်စစ်အား ပြည့်သည်ဟု ပြော၍ရသည်။ စတန်းဂျွန်နှင့် ရပ်ဆဲလ်လက်တစ်ပ်ပီ ရှိသည်။ လက်တစ်ပ်ပီသည် တိုက်စစ်စွမ်းရည် အပြည့်အဝ ရှိသူဖြစ်သည်။ ထရီနီဒက်အသင်းသို့ ပြန်ရောက်လာသည့်အတွက် ကစားပုံဦးမော့လာသည်။ အသင်းမှာ အရည်အသွေးကောင်းမွန်သော ကစားသမားများ အမြောက်အမြားရှိသည်။ သူတို့ကို ကြိုက်သလို အသုံးချကစား၍ရသည်။

ဘောလုံးစိတ်သည်များဟု ခေါ်တွင်သော ထရီနီဒက်အသင်းကို အခြားအသင်းများက အောက်အသင်းကလေးဟု လျှော့တွက်ကောင်း လျှော့တွက်ကြလိမ့်မည်။ သို့သော် အထူးဂရုစိုက်ကစားရမည့် အသင်းတစ်သင်းဖြစ်ကြောင်း လေ့လာမိပါသည်။ ။

ပြည်ပအားကစား သတင်းများ

ဆယ်ကျော်သက်ဘောလုံးသမား ပါဝင်မှု အင်္ဂလန်နည်းပြ ကာကွယ်ပြော

ဝါ့ဖို့ဒ် (အင်္ဂလန်) မေ ၂၃

အသက် (၁၇)နှစ်အရွယ်ရှိ သီအိုဝေါလ်ကော့တ်သည် အသက်အရွယ် အလွန်နုနယ်ခြင်းကြောင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် စွမ်းစွမ်းတမံ ပါဝင်ကစားနိုင်မည်မဟုတ်ဆိုသော ဝေဖန်ပြောကြားနေမှုများကို အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်း နည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်က အင်္ဂါနေ့တွင် ပယ်ချလိုက်သည်။

သီအိုဝေါလ်ကော့တ်သည် အသက်ငယ်ရွယ်ပြီး အတွေ့အကြုံရှိသူ မဟုတ်သဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း၌ မပါဝင်သင့်ကြောင်း ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း အနိုင်ရဖိုလ်စွဲ အောင် ကြိုးပမ်းနိုင်ခဲ့သူ လက်ရွေးစင် ဘောလုံးသမားဟောင်း ဘော်ဘီချာလ်တန်က ဝေဖန် ပြောကြားခဲ့သည်။

သို့ရာတွင် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်းတွင် ပါဝင်ရန် ဆယ်ကျော်သက် ဘောလုံးသမားလေး သီအိုဝေါလ်ကော့တ်အား ရွေးချယ်လိုက်ခြင်းအတွက် လူတိုင်းက အံ့အားသင့်ခဲ့ရသလို ဝေါလ်ကော့တ် ကိုယ်တိုင်ပင်လျှင် အံ့သြဘနန်းဖြစ်ခဲ့ရသည်ဆို၏။

မိမိသည် ဝေါလ်ကော့တ်အား ရွေးချယ်ခြင်းအတွက် နောင်တရမည်

အင်္ဂလန် လက်ရွေးစင် ဘောလုံး အသင်းအတွက် ရွေးချယ်ခံထားရသော ဆယ်ကျော်သက်ရွယ် ဘောလုံး သမားလေး သီအိုဝေါလ်ကော့တ်။

(ဓာတ်ပုံ-အင်တာနက်)

မဟုတ်ကြောင်း၊ ဝေါလ်ကော့တ်သည် ဘောလုံးပါရမီရှင် လူငယ်လေးဖြစ်သည်ကို မိမိသံသယမပွားကြောင်း၊ ၎င်းကိုယ်တိုင် ကမ္ဘာ့ဖလားပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားရန် စိတ်အား တက်ကြွလျက်ရှိကြောင်း၊ သောကြာနေ့က လေ့ကျင့်ကွင်းတွင် နှစ်ဂိုးသွင်းယူခဲ့သူမှာ ဝေါလ်ကော့တ်ပင်လျှင် ဖြစ်ကြောင်း၊ ၎င်း၏ရလဒ်များမှာ ထူးခြားကောင်းမွန်ကြောင်း အဲရစ်ဆင်က ပြောကြားသည်။

အင်တာနက်။

လှိုင်မြစ်ကျော် (ဘုရင့်နောင်)ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ချိန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၂၃

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက လှိုင်မြစ်ကျော် (ဘုရင့်နောင်) ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ဘက်ကမ်းနှင့် လှိုင်သာယာမြို့နယ် လှိုင်သာယာဘက်ကမ်းအကြား ဘုရင့်နောင် တံတားအနီး လှိုင်မြစ်ပေါ်တွင် မေ ၂၅ ရက်မှ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ရေယာဉ်များ မဖြတ်သန်းရန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့်ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာရေကြောင်း၌ ခေတ္တရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မေ ၂၃ ရက်က ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီဂီမြိုင်ခန်းမတွင် ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အမရာဒေဝီ အမှာစကားပြောကြားစဉ်။ (ပညာရေး)

ပဲခူးမြို့နှင့် မိတ္ထီလာမြို့တို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၃

ပဲခူးမြို့နယ် မရင်းကျေးရွာအနီး မိုင်တိုင် (၅၆/၅၇)အကြား ရန်ကုန်-မန္တလေး လမ်းမကြီး၌ မေ ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ယာဉ်မောင်း ဦးတင်ဝင်း၊ ယာဉ်နောက်လိုက် ဦးခင်စိုး၊ ဟီးနိုးယာဉ်အမှတ် (ဘ/၇၁၄၃) ရန်ကုန်-ပျဉ်ပုံကြီး ပြေးဆွဲနေသည့် ပြည်ကျော်ခရီးသည်တင်ကား အင်ဂျင်ဝါယာကြိုးရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၁၇ဦးလာရောက် ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် တာယာထိုင်ခုံနှင့် ကားရှေ့ပိုင်းမီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

အလားတူ မိတ္ထီလာမြို့နယ် စည်ပင်သာယာဈေးခေါင်းရုံးအဟောင်းနေ ဦးကျော်ကျော်ဦး၏နေအိမ်၌ ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ စုပေါင်း ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုးနှင့် အတွင်းပစ္စည်းအနည်းငယ် မီးလောင်ဆုံးရှုံးသွားသည်။ (သတင်းစဉ်)

■ အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။

■ အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရသည်မှာ ဖြစ်သည်။

■ အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

■ အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။

■ ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၂၀၀/-

ထွက်ပြီ

■ စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉–၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၈၊ ၂၉၉၀၃၁

■ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အဖွဲ့ မိတ္ထီလာအကျဉ်းထောင်သို့သွားရောက် အကျဉ်းသားများအတွက် ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၃

မိတ္ထီလာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစောဌေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ အဖွဲ့ဝင် ၂၀ ပါဝင်သောအဖွဲ့သည် မေ ၉ရက် နံနက် ၈နာရီခွဲတွင် မိတ္ထီလာအကျဉ်းထောင်သို့သွားရောက်ပြီး အကျဉ်းသား၊ အကျဉ်းသူများအားတွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လစဉ်အပတ်စဉ် အကျဉ်းထောင်သို့ လာရောက်တွေ့ဆုံပြီး တတ်နိုင်သမျှပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မိသားစုနှင့် ဆက်သွယ်မရရှိသူများကိုလည်း ဆက်သွယ်ရရှိအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့်နှုတ်ဆက် အားပေးစကားများပြောကြားခဲ့သည်။

ထို့နောက်အကျဉ်းသားအမျိုးသား ၃၁၈ဦး၊ အမျိုးသမီး ၇၁ဦး စုစုပေါင်း ၃၈၉ဦးတို့အတွက် Metronidazone ဆေးပြား ၂၀၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၂၄၀၊ ဘောလုံးဂျာနယ် ၁၄စောင်၊ နန်းမြင့်ဂျာနယ် ၇၄စောင်၊ ဆေးလိပ် ၁၀စီး၊ ပေါင်မုန့်၊ ကိတ်မုန့် ၁၀ထုပ်၊ ဦးချိန်တီ (အစာကြေဆေး) နှစ်ပုလင်းနှင့် ကွမ်းယာအထုပ် ၂၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန် လှူဒါန်း

ရန်ကုန် မေ ၂၃

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၁ရက်က ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်၌ ကျင်းပရာ ဗိုလ်ကြီးခင်ဖုန်း(ညောင်ဦး) အား ရည်စူး၍ ဇနီး ဒေါ်တင်တင်ရီ၊ ဦးဇော်ဝင်း(မိုးကုတ်)–ဒေါ်ခင်ဖြူဝင်း၊ သမီးမြကြေးမုံဝင်း မိသားစု အင်လျားရိပ်သာ ရန်ကုန်က ကြာသွတ်အိုးတစ်လုံး ကျပ် ၂၅၀၀၀၀၊ ကိုကျော်သူရ–မမြတ်သီရိမွန် မြို့သစ် (က–ခ) ရပ်ကွက် က–၅ လမ်း အင်းစိန်မှ တစ်နှစ်ပြည့် မင်္ဂလာအဖြစ် နှစ်လက်မ ပတ်လည် ရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုအနုမောဒနာ မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ) (၆၁)

YMBA အသင်း အမှုဆောင်လျှောက်ထားနိုင်

ရန်ကုန် မေ ၂၃

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) ၂၀၀၆/၂၀၀၇ ခုနှစ် အမှုဆောင်အဖွဲ့အတွက် အမှုဆောင်ဝင်ခွင့်လျှောက်လွှာများကို ဇွန် ၁ရက်မှ ၁၆ ရက်အထိ အသင်းတိုက်၌ လက်ခံမည်ဖြစ်ရာ လျှောက်လွှာတစ်စောင်လျှင် အလှူငွေ ကျပ် ၁၀၀၀ ထည့်ဝင် ယူဆောင်ပြီး လျှောက်ထားကြရမည်ဖြစ်သည်။ (၂၃)

သန်လျင်မြို့ စာတိုက်လမ်းနေ ကွယ်လွန်သူ ဖခင်ကြီးဦးထွန်းမြတ် (မြန်မာ့ရေနံ)အား ရည်စူး၍ သားသမီး၊ မြေး မြစ် တစ်စုတို့ ကိုယ်စား ဦးမြင့်သိန်းက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၂၀	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄:၄၀	၆။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၄၃)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	**English Usage**
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း–၅)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

**သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ**

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် တွံတေးတံတား မှတစ်ဆင့် လှိုင်သာယာ–ကန်ဘဲ့–တွံတေး–ကွမ်းခြံကုန်း–ဒေးဒရဲ–ဖျာပုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ ဖျာပုံတံတား၊ဒေးဒရဲဘက်ကမ်းစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၇)တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးရာသီဖြစ်သဖြင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်လမ်း မြေဖို့ခြင်းကို ဦးစားပေးရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ကျန်တံတားလုပ်ငန်းများကို တစ်ပြိုင်တည်းစီမံချက်ဖြင့် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ထို့နောက် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသည်။

ဖျာပုံတံတားမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်၍ ပင်မတံတားမှာ သံမဏိသံပေါင်ဖြစ်ပြီး တံတားအရှည် ၁၃၇၂ပေ ၈လက်မ၊ ဖျာပုံဘက်ကမ်းချဉ်းကပ်တံတား ပေ ၁၃၃၀၊ ဒေးဒရဲဘက်ကမ်းချဉ်းကပ်တံတား ပေ ၁၂၃၀ စုစုပေါင်းတံတားအရှည် ၃၉၃၂ပေ ၈လက်မ ရှိ၍ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်ခြောက်ပေစီ ပါရှိပြီး တံတား ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

ယခုအခါ ပင်မတံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီး၍ ဒေးဒရဲဘက်ကမ်းချဉ်းကပ်တံတားတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ **Asia World** ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗိုလ်အောင်ကျော်ဆိပ်ကမ်းကြည့်ရှု Asia World ဆိပ်ကမ်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းဌေး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများက ဆိပ်ကမ်းသို့ ပြည်ပမှ ရောက်ရှိလာသည့် ကုန်သေတ္တာများကို ဖွင့်ဖောက်စစ်ဆေးသည့် အခြေအနေများကို ပြသရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✳

ယနေ့မိုးလေဝသ

၂၄–၅–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမှုသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အမျိုးသမီး မီတာ ၄၀၀၀ တစ်ဦးချင်းအမီလိုက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ–စိုးညွှန့် (ကြေးမုံ)

အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၃

၂၀၀၆ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပစဉ် နှလုံးရောဂါခံစားရသူဦးရေ တိုးပွားလာနိုင်

လန်ဒန် မေ ၂၃

တစ်ကမ္ဘာလုံးက လေ့လာစောင့်ကြည့်ကြရသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပစဉ်ကာလအတွင်း နှလုံးရောဂါခံစားရသူဦးရေ တိုးပွားလာနိုင်ကြောင်း ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့တွင် နောက်ဆုံး ပြုလုပ်သည့် ကျန်းမာရေးလေ့လာချက် စစ်တမ်းများအရ သိရှိရသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလအတွင်း မိမိအားသန်သည့် အသင်းဘက်မှ အရှုံးအမှူးအားပေး ကြည့်ရှုကြရာမှ ကျန်းမာရေး ဘေးဥပဒ်များ တွေ့ကြုံရလေ့ရှိကြောင်း၊ စိတ်လှုပ်ရှားမှု ကြီးမားခြင်းကြောင့် နှလုံးရောဂါ ခံစားရသူများရှိသလို မိမိအားပေးသည့် အသင်းရှုံးနိမ့်ခြင်းကြောင့်ဇနီးသည်ကို ရိုက်နှက်ခြင်းလည်း ရှိကြောင်း၊ စိတ်လှုပ်ရှားမှုလွန်ကဲခြင်းနှင့်အတူ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●



အင်တာနက်သတင်း

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် လှုံ့ဆော်မှုပြုလုပ်နိုင်ရန် ဘာလင်မြို့တွင် ဘောကန်ဖိနပ်ပုံစံ ရောမပန်းပုရုပ်ကြီးများကို ထုလုပ်လျက်ရှိရာ အလုပ်သမားများ မေ ၂၂ရက်က အပြီးသတ်အချောကိုင်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)